ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်

# မှုခင်းများဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအရင်းများနှင့် လက်ရှိဆောင်ရွက်ချက်များအား လေ့လာတင်ပြခြင်း

## အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် မျက်မှောက်ခေတ်ကာလ၌ ရာဇဝတ်မှုများ ဖြစ်ပွားလျက်ရှိရာ မှုခင်းများကြောင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရရှိမှုမှာ မြင့်မားနေဆဲဖြစ်ပါသည်။ မှုခင်းများတိုးပွားဖြစ်ပေါ်နေမှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် များစွာအဟန့်အတားများ ဖြစ်ပေါ်စေပါသည်။ ယနေ့ကမ္ဘာပေါ်တွင် များစွာသော မှုခင်းများအနက် လူသတ်မှု၊ မုဒိမ်းမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုစသည်တို့သည် လူ့ဘောင်အဖွဲ့အစည်းတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံး ပြဿနာရပ်များဖြစ်ပါသည်။ မှုခင်းဖြစ်ပွားမှု များပြားလာခြင်း၊ လျော့နည်းလာခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်၌ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် များစွာဆက်နွယ်မှုများရှိနေပါသည်။ ကမ္ဘာ့စံနှုန်းသတ်မှတ်ချက်အရ ပြည်သူ့ရဲဝန်ထမ်းတစ်ဦးသည် ပြည်သူလူထု လူ (၄၅၀) ဦးခန့်ကို လွှမ်းခြုံစောင့်ရှောက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်မူ ရဲတပ်ဖွဲ့ဝင်အင်အားနှင့် ပြည်သူအချိုးကွာဟမှုမှာ မြင့်မားနေဆဲဖြစ်သောကြောင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ အပြည့်အဝမထားနိုင်သည့်အကြောင်းသည်လည်း ပြဿနာများအနက်တစ်ခုအဖြစ် ရင်ဆိုင်နေရလျက်ရှိနေပါသည်။ မှုခင်းဖြစ်ပွားရခြင်း၏အခြေခံအကြောင်းအရင်းများ၊ လက်ရှိဆောင်ရွက်ချက်များ၊ ဒေသတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံများ၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံများနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်စေရေးအတွက် ရေးသားပြုစုတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

စာတမ်းတိုအမှတ်စဉ် – ၁၂၅

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | နည်းနာနိဿယများ | ၃ |
| ၄။ | လက်ရှိမှုခင်းဖြစ်ပွားမှုအခြေအနေ | ၄ |
| ၅။ | မှုခင်းဖြစ်ပွားရသည့် အခြေခံအကြောင်းအရင်းများ | ၅ |
| ၆။ | လူသတ်မှုဖြစ်ပွားရခြင်း၏အဓိကအကြောင်းအရင်းများ | ၆ |
| ၇။ | မုဒိမ်းမှုဖြစ်ပွားရခြင်း၏အဓိကအကြောင်းအရင်းများ | ၈ |
| ၈။ | မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏အဓိကအကြောင်းအရင်းများ | ၉ |
| ၉။ | လူကုန်ကူးမှုဖြစ်ရခြင်း၏အကြောင်းအရင်းများ | ၁၀ |
| ၁၀။ | နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ | ၁၁ |
| ၁၁။ | စိန်ခေါ်မှုများ | ၁၆ |
| ၁၂။ | အမြင်များ၊ အယူအဆများနှင့် သုံးသပ်ချက်များ | ၁၆ |
| ၁၃။ | အိန္ဒိယနိုင်ငံ၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံ | ၁၉ |
| ၁၄။ | ဗီယက်နမ်နိုင်ငံ၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံ | ၂၀ |
| ၁၅။ | နိဂုံး | ၂၁ |

## နိဒါန်း

၁။ ဒီမိုကရေစီဖြစ်ထွန်းစ နိုင်ငံတိုင်းတွင် မှုခင်းဖြစ်ပွားမှုနှုန်းမြင့်မားခြင်းသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လျှောက်လှမ်းရသည့် ဒီမိုကရေစီလမ်းစဉ်ကိုလည်း အတားအဆီးတစ်ရပ် ဖြစ်ပေါ်စေပါသည်။ မြန်မာနိုင်ငံသည်လည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ငြိမ်စွာ ရပ်တည်နိုင်ရန်အတွက် တည်ဆောက်လျက်ရှိရာတွင် ပြည်သူဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံး အခြေခံအချက်တစ်ခုဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေး အားကောင်းမှ ပြည်သူများအနေဖြင့် ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုအန္တရာယ်မှကင်းဝေးပြီး ငြိမ်းချမ်း၍မျှတသည့် လူမှုအသိုက်အဝန်းတစ်ခုကို ထူထောင်နိုင်မည်ဖြစ်ပါသည်။[1] ရာဇဝတ်မှုများ ပိုမိုများပြားလာခြင်းသည် အများပြည်သူများ၏နေ့စဉ်လူနေမှုဘဝကို ခြိမ်းခြောက်ခံရ၍ မိမိနေအိမ်၌ နေရသည်ကိုပင် လုံခြုံမှုမရှိသကဲ့သို့ခံစားနေရပြီး ပြည်သူလူထု၏စိုးရိမ်သောကကို ပိုမိုတိုးပွားစေ သည်အထိ ဖြစ်ပေါ်စေတတ်ပါသည်။[2]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုအား ရေးသားရခြင်း၏ရည်ရွယ်ချက်မှာ မှုခင်းဖြစ်ပွားရခြင်း၏အခြေခံ အကြောင်းအရင်းများနှင့် မှုခင်းဖြစ်ပွားမှုအရေအတွက်များအား သိရှိစေရန်၊ မှုခင်းကျဆင်းရေး အတွက် ဆောင်ရွက်ချက်များအား သိရှိစေရန်နှင့် နိုင်ငံအချို့၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံများ အား သိရှိစေရန်ရည်ရွယ်ပါသည်။

## နည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် ရေးသားထားသော အချက်အလက်များအား Social Media များ၊ လွှတ်တော်တွင်းဆွေးနွေးချက်များ၊ သတင်းစာများ၊ Statistical Years Book 2019 နှင့် သက်ဆိုင်ရာအရင်းအမြစ်များမှ ထုတ်နှုတ်ရေးသားထားခြင်းဖြစ်ပါသည်။

---

[1] မွန်ပြည်နယ်အစိုးရအဖွဲ့၊ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း Available from: http://www.monstate.gov.mm/en/node/153 (ကြည့်ရှုသည့်ရက် ၁၁ ဇူလိုင်လ ၂၀၁၉)

[2] အစိုးရသစ်ကို စိန်ခေါ်နေတဲ့ တရားဥပဒေစိုးမိုးရေး၊ Available from: https://my.abna24.com/service/pacific/archive/2016/08/13/771746/story.html , ထုတ်ဝေသည့်ရက် ဩဂုတ်လ ၁၃ ရက်၊ ၂၀၁၆ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

## လက်ရှိမှုခင်းဖြစ်ပွားမှုအခြေအနေ

၄။ မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ ရာဇဝတ်မှုများဖြစ်ပွားလျက်ရှိရာ မှုခင်းအရေအတွက် မြင့်မားလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း မှုခင်းအမျိုးအစားများကို လေ့လာကြည့်လျှင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် အမှုအရေအတွက်သည် သိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရပြီး ယင်းတို့အနက် လူသတ်မှုနှင့် မုဒိမ်းမှုသည် အများဆုံးမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် လူသတ်မှု (၁,၄၄၆)၊ မုဒိမ်းမှု (၁,၅၈၃)၊ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု (၁၂,၉၀၂)၊ လူကုန်ကူးမှု (၂၀၆) မှုဖြစ်ပွားခဲ့ပါသည်။[3] မှုခင်းဖြစ်ပွားမှု အများဆုံးနှစ်ဖြစ်ခဲ့သည့် ၂၀၁၈ ခုနှစ်သည် အမှုပေါင်း (၈၈၀၀) မှုဖြစ်ခဲ့ပြီး နိုင်ငံအတွင်း လူဦးရေတစ်သိန်းပေါ်တွင် အခြေခံတွက်ချက်ကြည့်ပါက လူသတ်မှုသည် ၁၄၇၆ မှု ဖြစ်ခြင်းကြောင့် မှုခင်းဖြစ်ပွားမှုနှုန်း (၂.၇၆) နှုန်းဖြစ်ပွားခဲ့ပါသည်။ [4]

၅။ လေ့လာတွေ့ရှိချက်များအရ ရန်ကုန်မြို့သည် မှုခင်းဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈) လတာ ကာလအတွင်း လူသတ်မှု (၁၁၇) မှုနှင့် မုဒိမ်းမှု (၁၃၀) မှုဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိ (၉) နှစ်တာကာလအတွင်း လူသတ်မှုပေါင်း (၈၇၄) မှုဖြစ်ပွားခဲ့ပြီး တစ်လလျှင် လူသတ်မှု (၇) မှုနှုန်း ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။[5]

၆။ နိုင်ငံ၏စီးပွားရေးကျဆင်းမှုနှင့်အတူ အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှုတို့၏ အကျိုးဆက်အနေဖြင့် မြို့ကြီးများ၌ လုယက်မှု၊ သတ်ဖြတ်မှုစသည့် မှုခင်းဖြစ်စဉ်များ တိုးပွားလာသည်ဟု သုံးသပ်မှုများရှိခဲ့ပါသည်။[6] မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့၌ ဒုစရိုက်မှု အများဆုံးဖြစ်ပွားနေပြီး အုပ်စုဖွဲ့လုယက်မှု၊ တိုက်ခိုက်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးရောင်းဝယ်မှုများကို ပွင့်လင်းမြင်သာစွာ

---

[3] Statistical Years Book 2019 မှ ကောက်နုတ်ရရှိပါသည်။

[4] မြန်မာနိုင်ငံ၌ မှုခင်းဖြစ်ပွားရခြင်း အခြေခံအကြောင်းရင်းများအနက် မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်သူ များပြားလာခြင်းအပါအဝင် လူမှုကွန်ရက်မီဒီယာများကို တွင်ကျယ်စွာ အသုံးပြုလာခြင်းများ ပါဝင်ဟုဆို၊ available from: http://news-eleven.com/article/91687 ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

[5] လူမှုဘဝလုံခြုံစိတ်ချရေးကြိုးပမ်း၊ available from: https://www.moi.gov.mm/npe:zg/?q=node/37631, (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

[6] ထိတ်လန့်ဖွယ် မှုခင်းများနှင့် စိုးရိမ်စရာ အညွှန်းကိန်းများ၊ available from: https://news-eleven.com/editorials/81255, ထုတ်ဝေသည့်ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်)

ကျူးလွန်လျက်ရှိရာ ရာဇဝတ်မှုကျူးလွန်သူအများစုသည် လူငယ်နှင့်လူလတ်ပိုင်းများ ဖြစ်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။[7]

## မှုခင်းဖြစ်ပွားရသည့် အခြေခံအကြောင်းအရင်းများ

၇။ မှုခင်းဖြစ်ပွားရခြင်း၏အကြောင်းအရင်းများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကြောင့် စိတ်ဓါတ်ရေးရာပျက်ယွင်းမှုများအားလုံးနှင့် အခြေခံအားဖြင့် ဆက်စပ်နေပါသည်။ မှုခင်းဖြစ်ပွားရခြင်း၏ဆက်နွှယ်မှုများမှာ မူးယစ်ဆေးဝါးသုံးစွဲမှု များပြားခြင်းကြောင့် ခိုးဆိုးလုနှိုက်မှုများနှင့် လူသတ်မှုများကိုဖြစ်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် လောင်းကစားမှုများ များပြားစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားစေခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့် ယစ်မျိုးမှု၊ လူသတ်မှု၊ မုဒိမ်းမှုများကို ဖြစ်စေခြင်း၊ တရားရုံးများမှ အမိန့်ချမှတ်ရာတွင် ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်များ မချမှတ်သည့်အတွက်ကြောင့် ထပ်မံဖြစ်ပွားရသော မှုခင်းများစသည့်အခြေအနေများစွာရှိနေပါသည်။[8]

၈။ အကြမ်းဖက်မှုများ အပါအဝင်အမျိုးစုံသော မှုခင်းများကိုလေ့လာကြည့်ပါက မှုခင်းဖြစ်ပွားမှုများပြားလာခြင်း၊ လျော့နည်းခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်မှုများရှိနေပါသည်။[9] အောက်ပါအခြေခံအကြောင်းရင်းများကို လေ့လာသိရှိရခြင်းအားဖြင့် မှုခင်းများကို မည်သို့မည်ပုံကာကွယ်နိုင်မည်ဆိုသည်ကိုလည်း သိရှိနိုင်ပါမည်။ ၎င်းတို့မှာ–

(က) ပြစ်မှုကျူးလွန်သူများမှာ ကြိုတင်လေ့လာပြီးမှ ပြုလုပ်ခြင်း၊

(ခ) လူ၊ အဆောက်အအုံတို့၏ အားနည်းချက်များအပေါ် အခွင့်ကောင်းယူ၍ ပြုလုပ်ခြင်း၊

---

[7] အစိုးရသစ်ကို စိန်ခေါ်နေတဲ့ တရားဥပဒေစိုးမိုးရေး၊ available from: https://my.abna24.com/service/pacific/archive/2016/08/13/771746/story.html , ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

[8] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ) ဒေါ်ခင်နှင်းသစ် (ပန်းတောင်း မဲဆန္ဒနယ်) မှ တင်သွင်းထားသည့် အဆိုမှ ကောက်နုတ်ရရှိပါသည်။

[9] အကြမ်းဖက်မှုများ အပါအဝင် မှုခင်းများသည် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့် တရားစီရင်ရေးစနစ်အပေါ်၌သာ မှီခိုအားထားခြင်း တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ရဲတပ်ဖွဲ့နှင့်အတူ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယသမ္မတပြောကြား available from: ttps://news-eleven.com/article/137836, ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

(ဂ) လူတို့၏ပေါ့လျော့မှုကို အသုံးချကာ ပြစ်မှုကျူးလွန်ခြင်း[10]

(ဃ) ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားခြင်း၊

(င) လူမှုကွန်ရက် မီဒီယာများကို တွင်ကျယ်စွာ အသုံးပြုလာခြင်း၊

(စ) ကျူးကျော်နေထိုင်မှုနှင့် မြို့ပြသို့ရွှေ့ပြောင်း နေထိုင်သူ များပြားလာခြင်း၊

(ဆ) မူးယစ်ဆေးဝါး၊ အရက်စသည်တို့ကို သုံးစွဲမှုများပြားလာခြင်း၊

(ဇ) အလုပ်လက်မဲ့နှုန်း များပြားခြင်း၊[11]

(ဈ) လူငယ်များအပေါ် အုပ်ထိန်းမှုပုံစံမှားယွင်းခြင်း၊

(ည) ပြစ်မှုကျူးလွန်လေ့ရှိသောသူများကို သူငယ်ချင်းအဖြစ် ပေါင်းသင်းဆက်ဆံခြင်း၊

(ဋ) ပညာရည်နည်းပါးခြင်းနှင့် ရုတ်တရက်ဖြစ်ပေါ်လာသော ဒေါသကို ချုပ်ထိန်းနိုင်မှု မရှိခြင်း၊

(ဌ) ပြစ်ဒဏ်ကျခံပြီး သူများအပေါ် အယုံအကြည်မရှိဘဲ ပစ်ပယ်ထားခြင်း၊[12]

(ဍ) မိသားစုအခြေခံ ဝင်ငွေနည်းပါးခြင်း၊

(ဎ) ဘာသာတရားအပေါ် ယုံကြည်မှုလျော့ပါးပြီး ကိုယ်ကျင့်တရားပျက်ပြားခြင်း၊

(ဏ) ကျန်းမာရေးဝန်ဆောင်မှု အားနည်းခြင်းစသည်တို့ဖြစ်ပါသည်။[13]

## လူသတ်မှုဖြစ်ပွားရခြင်း၏အဓိကအကြောင်းအရင်းများ

၉။ မြန်မာနိုင်ငံ၌ နှစ်စဉ်လူသတ်မှုနှုန်း (၁၀၀၀) ကျော်ဖြစ်ပွားနေခြင်းသည် (၁၀) စုနှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသည်။ ယခင်က ခိုးမှု၊ မူးယစ်ဆေးဝါးမှုနှင့် လောင်းကစားမှုများပြီးလျှင် လူသတ်မှုသည် စတုတ္ထမြောက်အဖြစ်အများဆုံးမှုခင်းဖြစ်ပြီး ယခုအခါ လူသတ်မှုဖြစ်ပွားမှု

---

[10] ပြန်ကြားရေးဝန်ကြီးဌာန၊ ရပ်ရွာလူမှုအခြေပြု၍ မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်available from: https://www.moi.gov.mm/npe/?q=editor-remark/29/04/2016/id-41045, ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊)

[11] SlideShare, available from: https://www.slideshare.net/KakaliRoy2/crime-prevention-59265891, (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

[12] Eleven Media, မြန်မာနိုင်ငံ၌ မှုခင်းဖြစ်ပွားရခြင်း အခြေခံအကြောင်းရင်းများအနက် မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်သူ များပြားလာခြင်းအပါအဝင် လူမှုကွန်ရက်မီဒီယာများကို တွင်ကျယ်စွာအသုံးပြုလာခြင်းများ ပါဝင်ဟုဆို, available from: https://news-eleven.com/article/91687, ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက Eleven Media တွင် ပြောကြားသွားသည်မှ ကောက်နုတ်ရရှိပါသည်။

[13] မွန်ပြည်နယ်အစိုးရအဖွဲ့၊ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း Available from: http://www.monstate.gov.mm/en/node/153 (ကြည့်ရှုသည့်ရက် ၁၁ ဇူလိုင်လ ၂၀၁၉)

နှုန်းသည် အမြင့်မားဆုံးနေရာရောက်ရှိနေပါသည်။[14] အထူးသဖြင့် လူသတ်မှုနှင့်မုဒိမ်းမှုဖြစ်စဉ်များကို တွန်းအားပေးသည့် အရက်သေစာသောက်စားနိုင်သော အခြေအနေများပေါများလာခြင်း၊ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးများသုံးစွဲမှု များပြားလာခြင်းတို့သည် အဓိကအချက်များ ဟုဆိုရမည်ဖြစ်ပါသည်။[15]

၁၀။ အရက်သေစာသောက်စားမူးယစ်ပြီး သူငယ်ချင်းအချင်းချင်း၊ မိတ်ဆွေအချင်းချင်းအကြားဖြစ်ပေါ်လာကာ စိတ်အခန့်မသင့်မှုကို မထိန်းချုပ်နိုင်ဘဲ လူသတ်မှုကျူးလွန်သည်အထိ အများဆုံးဖြစ်ပေါ်စေပါသည်။[16] များသောအားဖြင့် အောက်ပါအကြောင်းပြချက်များကြောင့် ၎င်းပြစ်မှုကိုကျူးလွန်လေ့ရှိကြပါသည်-

(က) ခိုင်လုံသောအကြောင်းပြချက်ရှိ၍ တမင်ရည်ရွယ်ကျူးလွန်ခြင်း၊

(ခ) ငွေကြေးနှင့်ပတ်သက်၍ ကျူးလွန်မိခြင်း၊

(ဂ) လက်စားချေလို၍ ကျူးလွန်မိခြင်း၊

(ဃ) အရက်နှင့်မူးယစ်ဆေးဝါးများကြောင့် ကျူးလွန်မိခြင်း၊

(င) ဘာသာရေးနှင့်ပတ်သက်သော အငြင်းအခုံဖြစ်ပွား၍ ကျူးလွန်မိခြင်း၊

(စ) အချစ်စိတ်ကြောင့် ကျူးလွန်မိခြင်း (မှုခင်းသတင်းများတွင် မကြာခဏတွေ့ရလေ့ရှိပြီး အချစ်စိတ်သည် မိမိကိုယ်မိမိသတ်သေနိုင်လောက်သည်အထိ သတ္တိများပေးနိုင်ပါသည်။)

(ဆ) ဒေါသစိတ်ကြောင့် ကျူးလွန်မိခြင်း၊ (လူသတ်မှု၏အဓိကစေ့ဆော်မှုသည် ဒေါသစိတ်ပင်ဖြစ်ပါသည်။)

(ဇ) လောဘစိတ်ကြောင့် ကျူးလွန်မိခြင်း စသည်တို့ဖြစ်ပါသည်။[17]

---

[14] ထွန်းခိုင်၊ ရာဇဝတ်မှုတွေ ပိုမိုဖြစ်ပွားလာတာလား၊ Frontiermyanmar, available from: https://frontiermyanmar.net/mm/news/2996, ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၂၄၊ ၂၀၁၆ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆၊ ၂၀၁၉)

[15] လူမှုဘဝလုံခြုံစိတ်ချရေးကြိုးပမ်း၊ available from: https://www.moi.gov.mm/npe/?q=editor-remark/10/09/2016/id-48120, ပြန်ကြားရေးဝန်ကြီးဌာန (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉)

[16] မောင်ကံ၊ ရခိုင်ပြည်နယ်တွင် လူသတ်မှုနှင့် မုဒိမ်းမှု အများဆုံး ဖြစ်ပွားနေဟုဆို၊ 7Day Daily၊ available from: https://7daydaily.com/story/41642, ထုတ်ဝေသည့်ရက် ဇူလိုင်လ ၁၂၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉)

[17] ရွှေမွန်၊ လူသတ်မှုဖြစ်စေနိုင်တဲ့ အကြောင်းရင်း (၈) ခု၊ ShweMom၊ available from: http://www.shwemom.com/8-reasons-why-a-person-kills-someone/, ထုတ်ဝေသည့်ရက် မတ်လ ၁၇၊ ၂၀၁၆ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆၊ ၂၀၁၉)

## မုဒိမ်းမှုဖြစ်ပွားရခြင်း၏အဓိကအကြောင်းအရင်းများ

၁၁။ မြန်မာနိုင်ငံ၏ မှုခင်းဖြစ်ပွားမှုများကို လေ့လာကြည့်ပါက လူသတ်မှုပြီးလျှင် ဒုတိယပြစ်မှု အများဆုံးမှာ မုဒိမ်းမှုဖြစ်ပြီး များသောအားဖြင့် တောရွာ၊ ဆင်ခြေဖုံးနှင့် နယ်ဘက်များတွင် အများဆုံးဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။[18] **မုဒိမ်းမှုဖြစ်စဉ် အများစုမှာ ကျေးလက်ဒေသ များတွင် ဖြစ်ပွားမှု ပိုမိုများပြားပြီး အချို့သောအမှုများမှာ အကြောက်တရားကြီးစိုးမှု၊ လူအများ သိရှိမည်ကို စိုးရိမ်မှုများကြောင့် ရဲတပ်ဖွဲ့သို့ တိုင်ကြားခြင်းမရှိသည့် အမှုများစွာရှိနေသည်ဟု ကလေးသူငယ်အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှားသည့်အဖွဲ့များထံမှ သိရှိရပါ သည်။**[19]

၁၂။ မုဒိမ်းမှုများ ကျူးလွန်ရသည့် အဓိကအကြောင်းရင်းများမှာ –

(က) လူသားဆန်သည့် စိတ်မရှိခြင်း၊

(ခ) ဘာသာရေးအဆုံးအမကို လိုက်နာမှု မရှိခြင်း၊

(ဂ) အသိပညာနည်းပါးခြင်းတို့အပြင် အရက်သေစာသောက်စားခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

(င) ကလေးငယ်များ၏အင်အားနည်းပါးမှုနှင့် အလွယ်တကူ အခွင့်အရေးရနိုင်ခြင်းတို့က တွန်းအားပေးနေသော အကြောင်းအရာများဖြစ်သည်ဟု ပြည်ထဲရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။[20]

၁၃။ ထို့အပြင် သက်ငယ်မုဒိမ်းမှုတွင်ဖြစ်စေ၊ သက်ကြီးမုဒိမ်းမှုတွင်ဖြစ်စေ ဖြစ်ပွားရသော အဓိက အကြောင်းအရင်းများမှာ –

---

[18] မောင်ကံ၊ ရခိုင်ပြည်နယ်တွင် လူသတ်မှုနှင့် မုဒိမ်းမှု အများဆုံး ဖြစ်ပွားနေဟုဆို၊ 7Day Daily၊ available from: https://7daydaily.com/story/41642, ထုတ်ဝေသည့်ရက် ဇူလိုင်လ ၁၂၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆၊ ၂၀၁၉)

[19] ၂၀၁၉ ခုနှစ် ပထမ ခြောက်လပတ်အတွင်း ဧရာဝတီတိုင်းဒေသကြီး၌ မုဒိမ်းမှု ၇၅ မှု ဖြစ်ပွားခဲ့ပြီး မုဒိမ်းမှုဖြစ်စဉ် တစ်ဝက်ကျော်မှာ သက်ငယ်မုဒိမ်းမှုများ ဖြစ်ကြောင်း သိရ၊ available from: https://news-eleven.com/article/125766, ထုတ်ဝေသည့်ရက် ဇူလိုင်လ ၃၁ ရက်၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉)

[20] စစ်ယမင်းအောင်၊ မုဒိမ်းမှုများ လျော့ရန် ပြည်ထဲရေးပြောဆိုမှု ဝေဖန်ခံနေရ၊ available fom: https://burma.irrawaddy.com/women-in-media/2018/02/22/152568.html, ထုတ်ဝေသည့်ရက် ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၈ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉)

(က) ကျူးလွန်သူများဘက်တွင် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

(ခ) အင်တာနက်စာမျက်နှာများပေါ်တွင်အလွယ်တကူရှာဖွေကြည့်ရှုနိုင်သော မီဒီယာတို့မှ ညစ်ညမ်းစာပေ၊ ရုပ်ပုံနှင့်ဗီဒီယိုများ ပိုမိုပျံ့နှံ့နေသောကြောင့်ဖြစ်ပြီး ကျူးလွန်ခံရသူများဘက်၌လည်း ဆင်းရဲနွမ်းပါးမှု၊ အသိအမြင်ဗဟုသုတနည်းပါးမှုနှင့် သတိမမူနေထိုင်သွားလာမှုတို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။[21]

## မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏အဓိကအကြောင်းရင်းများ

၁၄။ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုတွင် လျော့နည်းလာသော်လည်း ခေတ်မီဓာတုပစ္စည်းများနှင့် ပေါင်းစပ်ထားသည့် စိတ်ကြွမူးယစ်ဆေးဝါးအသစ်များကို လွယ်ကူစွာရရှိနိုင်မှု၊ သုံးစွဲနိုင်မှုနှင့်ဝယ်လိုအားမြင့်မားမှုတို့ကြောင့် မူးယစ်ဆေးဝါးဆိုင်ရာပြဿနာကြီးမားကျယ်ပြန့်လာနေသည်ကို တွေ့ရှိနေရပါသည်။ ထိုအကြောင်းတရားများကြောင့် လူငယ်လူရွယ်များကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်တက်လာသည်နှင့်အတူ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်လာပြီး ရာဇဝတ်မှုများ များပြားလာသည့် ဆိုးကျိုးများဖြစ်ပေါ်စေပါသည်။[22] ဆေးစွဲရခြင်းအရင်းခံအကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်မှ မိဘဆွေမျိုး၊ အပေါင်းအသင်း၊ လူငယ်လူရွယ်တို့၏ အပြုအမူကို တွေ့မြင်၍ အတုမြင်အတတ်သင်သုံးစွဲမိခြင်း၊

(ခ) မူးယစ်ဆေးဝါးသုံးစွဲရန် အပေါင်းအသင်းများက တိုက်တွန်းဆွဲဆောင်ခြင်း၊

(ဂ) မိဘများ၏ သွန်သင်ဆုံးမမှုလွဲမှားခြင်း၊

(ဃ) ဆေးသုံးစွဲခြင်းသည် ခေတ်မီသည်ဟု ယူဆ၍ အားကျမခံအပြိုင်အဆိုင် သုံးစွဲခြင်း၊

(င) အထူးအဆန်းသဘောလက်တည့်စမ်းခြင်း၊

(စ) မိမိ၏ ပူပင်သောကများ ပပျောက်စေရန် မှီဝဲသုံးစွဲခြင်း၊

[21] အမျိုးသမီးများဘဝ လုံခြုံမှုဂရုပြု available from: https://www.moi.gov.mm/npe/?q=editor-remark/27/05/2018/id-75390 (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉)

[22] အကြမ်းဖက်မှုများ အပါအဝင် မှုခင်းများသည် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့် တရားစီရင်ရေးစနစ်အပေါ်၌သာ မှီခိုအားထားခြင်း တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ရဲတပ်ဖွဲ့နှင့်အတူ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယသမ္မတပြောကြား available from: ttps://news-eleven.com/article/137836, ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

(ဆ) လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းမှုကြောင့် မူးယစ်ဆေးဝါးသောက်သုံးမိခြင်း၊

(ဇ) ဆေးဝါး၏ တဒင်္ဂအာနိသင်ကို ကြိုက်နှစ်သက်ရာမှ ဆေးစွဲလာခြင်း၊

(ဈ) ဆေးဝါးအဖြစ်မှီဝဲရာမှ တန်ဆေးလွန်ဘေးဆေးစွဲလာခြင်း စသည်တို့ဖြစ်ပါသည်။[23]

## လူကုန်ကူးမှုဖြစ်ရခြင်း၏အကြောင်းရင်းများ

၁၅။ ကမ္ဘာပေါ်တွင် လူကုန်ကူးမှုပြဿနာသည် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးကုန်သွယ်မှုများပြီးလျှင် ထိပ်တန်းရောက်လာနေသည့် ပြဿနာတစ်ရပ်ဖြစ်၍နေပါသည်။ လူကုန်ကူးမှုပြဿနာသည် သာမာန်မှုခင်းများနှင့်မတူပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်နှင့် နယ်စပ်ဖြတ်ကျော်မှုစသည်တို့နှင့် ချိတ်ဆက်ပြီး ရှုပ်ထွေးလှသည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။[24] ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် တစ်နိုင်ငံချင်းအလိုက်သာမက နိုင်ငံအချင်းချင်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။[25] မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် လူကုန်ကူးခံရမှုပုံစံအမျိုးမျိုးရှိသော်လည်း အလုပ်အကိုင်အကြောင်းပြု၍ လူကုန်ကူးခံရမှုမှာ အများဆုံးဖြစ်ပွားလျက်ရှိပါသည်။ လူကုန်ကူးမှုဖြစ်ရခြင်း၏အဓိကအချက်များမှာ –

(က) မိမိတို့နေထိုင်ရာဒေသ၌ စီးပွားရေးအခွင့်အလမ်းများမရှိခြင်း (သို့မဟုတ်) နည်းပါးခြင်း၊

(ခ) ကျေးလက်နေပြည်သူများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်း၊

(ဂ) နေ့စဉ်ဘဝရပ်တည်ရန် ခက်ခဲသည့် အခြေအနေဖြစ်လာခြင်း၊

(ဃ) ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်း၊

(င) ဆင်းရဲချမ်းသာကွာဟခြင်း၊

(စ) အရေးပေါ်ကျန်းမာရေးချေးငွေများ မရရှိခြင်း၊

---

[23] မူးယစ်ဆေးဝါးစွဲလန်းခြင်းရောဂါ၊ available from: https://ondoctor.com.mm/healthy-living/health-knowledge/1288/, ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

[24] လူကုန်ကူးမှုပြဿနာ၊ available from: https://news-eleven.com/article/124073 ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၉)

[25] လူကုန်ကူးမှုပြဿနာ၊ available from: https://news-eleven.com/article/124073, ထုတ်ဝေသည့်ရက် ဇူလိုင်လ ၂၂ ရက်၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၉)

(ဆ) မိမိဘဝကို လက်ရှိအခြေအနေထက်ပို၍မြင့်မားလိုခြင်း၊

(ဇ) တရားဝင်သွားလာရေးနည်းလမ်းများကို လက်လှမ်းမမီခြင်း၊ လက်လှမ်းမီသော်လည်း လိမ်လည်ခံရခြင်းစသည်တို့ဖြစ်ပါသည်။

၁၆။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော လူကုန်ကူးမှုအမျိုးအစား (၅) မျိုးရှိပါသည်–

(က) အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊

(ခ) အဓမ္မပြည့်တန်ဆာပြုလုပ်ခြင်း၊

(ဂ) အဓမ္မခိုင်းစေခြင်း၊

(ဃ) ကလေးသူငယ်လူကုန်ကူးခြင်း၊

(င) ကြွေးမြီနှင့်နှောင်ဖွဲ့ခိုင်းစေခြင်းစသည်တို့ဖြစ်ပါသည်။[26]

၁၇။ လူကုန်ကူးမှုများကို လေ့လာကြည့်ပါက အမျိုးသမီးများ၌ လူကုန်ကူးခံရမှု အများဆုံး ဖြစ်ပွားနေပါသည်။ ယခင်က လူကုန်ကူးမှုပုံစံမှာ အမျိုးသမီးများကို နယ်စပ်အထိ စည်းရုံးခေါ်ဆောင်ကာ ရောင်းစားခဲ့ကြပြီး ကုန်ကူးကြပါသည်။ ယခုအခါအမျိုးသမီးများကို နိုင်ငံအတွင်း ဝင်ရောက်ပြီး တိုက်ရိုက်စည်းရုံးခေါ်ဆောင်ခြင်းအထိ လုပ်ဆောင်လာပြီး ကာယကံရှင်က သဘောတူလိုက်ပါသည်အထိ လူကုန်ကူးမှုလမ်းကြောင်းများ ပြောင်းလဲလာသည်ကို တွေ့မြင်လာရပါသည်။ ဤကဲ့သို့ပြုမူဆောင်ရွက်ခြင်းသည် အလုပ်အကိုင်ရှားပါးမှု၊ စီးပွားရေး၊ စားဝတ်နေရေး ကျပ်တည်းမှု၊ ဆင်းရဲမွဲတေမှုများနှင့် တိုက်ရိုက်ဆက်နွှယ်နေသောကြောင့် လူကုန်ကူးမှုများသည် နှစ်စဉ်လျော့ပါးမသွားဘဲ ဆက်လက်တိုးပွားနေလျက်ရှိပါသည်။

## နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ

၁၈။ နိုင်ငံတော်အစိုးရအနေဖြင့် မူခင်းကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်နေမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **မူခင်းကြိုတင်ကာကွယ်ခြင်း။** ၎င်းမှာ ရာဇဝတ်မှုများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုရည်ရွယ်ချက်များအတိုင်း အစိုးရ

[26] ၁ နှစ်အတွင်း လူကုန်ကူးတရားခံ ၅၀၀ ခန့် ဖမ်းဆီးမိဟု ဒုသမ္မတပြော၊ available from: https://news.ydnp.net/293059/, ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

သည် ကောင်းမွန်သော ဥပဒေများပြဋ္ဌာန်းခြင်းနှင့် တရားမျှတစွာ စီရင်ခြင်းတို့ကို ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ ရာဇဝတ်မှုများနှိမ်နင်းခြင်းနှင့် ထိန်းချုပ်ခြင်းသည် ကောင်းမွန်သောစနစ်တစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးအတွက် လုံခြုံမှုရှိစေသကဲ့သို့ လူတစ်ဦးချင်းစီ၏လွတ်လပ်မှုနှင့်နေထိုင်မှုအတွက် လွန်စွာအရေးကြီးလှပါသည်။ မူခင်းဖြစ်ပွားလာမှ အရေးယူခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးထိရောက်လာသော စနစ်တစ်ခုဖြစ်ပါသည်။ မှုခင်းဖြစ်ပွားမှုနှုန်းလျော့ချနိုင်ရန် မှုခင်းအများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးနှင့် မှုခင်းနည်းပါးသော တိုင်းဒေသကြီးများ၏အတွေ့အကြုံများကိုဖလှယ်ပြီး မှုခင်းများကို လျော့နည်းလာအောင် ဆောင်ရွက်လျက်ရှိပါသည်။[27]

**(ခ) မှုခင်းကျဆင်းရေး။** မှုခင်းပညာပေးရဲတပ်ဖွဲ့သည် မှုခင်းလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မှုခင်းပညာပေးပြခန်းများ ပြသခြင်း၊ ကျောင်းသား၊ လူငယ်များအကြား မလိုလားအပ်သော မှုခင်းများ မဖြစ်စေရန်နှင့် မှုခင်းများဖြစ်စေသည့် ကိစ္စရပ်များကို သတိပြုရှောင်ရှားနိုင်စေရန်အတွက် မှုခင်းကျဆင်းရေးပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။[28] မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သော အမှုများမှ တရားခံများကို စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။[29] မှုခင်းဖြစ်ပွားမှုများပြားသော ရန်ကုန်တိုင်းဒေသကြီးတွင် စွန်ရဲစီမံချက်၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း သိန်းငှက်စစ်ဆင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း မှုခင်းဖြစ်ပွားမှုလျော့နည်း

[27]နိုင်ငံတော်အဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရှင်းလင်းပြောကြား https://www.moi.gov.mm/?q=news/12/04/2017/id-14367 ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်)

[28] မှုခင်းပညာပေးရေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး ဆောင်ရွက်၊ available from: https://www.myanmarload.com/news/52099, ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်)

[29] ကြေးမုံ၊ နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ၊ အထူးကဏ္ဍ (ခ) မှ ကောက်နုတ်ရရှိပါသည်။ ထုတ်ဝေသည့်ရက် ဧပြီလ ၂၄ ရက်၊ ၂၀၁၈ခုနှစ် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်)

ကျဆင်းစေရေးအတွက် မူခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ မူခင်းမဖြစ်ပွားစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။[30]

(ဂ) **ရက် ၁၀၀ စီမံချက်။** တိုင်းဒေသကြီးနှင့်မြို့နယ်၊ ရပ်ကွက်များတွင် မှုခင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်လျော့ကျနိုင်ရေးအတွက် ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခြင်း၊ လှည့်ကင်းများဖြင့် မှုခင်းဖြစ်ပွားမှုများကို အချိန်နှင့်တပြေးညီ သိရှိစေရန်ဆောင်ရွက်ခြင်း၊ နာမည်ဆိုးဖြင့် ကျော်ကြားသူများ၊ ထောင်ထွက်လူမိုက်များနှင့် လူဆိုး၊ သူခိုးများကို အရပ်ဝတ်ဖြင့် နယ်ထိန်းများက စောင့်ကြည့်အကဲခတ်လေ့လာခြင်းများပြုလုပ်ကာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။[31]

(ဃ) **ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။** ပြည်သူများ၏အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာများ၊ လုံခြုံမှုနှင့် ရပ်ကွက်၊ ကျေးရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များသာမက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် လူငယ်များ၊ ပြည်သူများ ပူးပေါင်းပါဝင်သည့် ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်ဖြစ်သည့် (Community Policing) စနစ်ကိုလည်း စနစ်တကျကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည်။[32] ရပ်ကွက်နေလူထုနှင့်ပူးပေါင်းပြီး မှုခင်းကျဆင်းမှုလျော့နည်းရေးကို ဆောင်ရွက်နေသည့်အပြင် ရဲတပ်ဖွဲ့ဝင်အင်အား ပိုမိုတာဝန်ချထားနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

(င) **မှုခင်းကြိုတင်ကာကွယ်မှု။** ရပ်ရွာလူမှုအဖွဲ့အစည်းကိုအခြေပြုသည့် မှုခင်းကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များတွင် အခြေခံအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ (နေအိမ်ခြံဝင်းများ လုံခြုံခိုင်ခံ့အောင် ပြုပြင်ခြင်း၊

[30] တိုးဝေအောင်၊ လိုအပ်ချက်တွေရှိနေဆဲ ပြည်သူ့ဘဝလုံခြုံမှု၊ မြန်မာတိုင်းမ်၊ available from: https://myanmar.mmtimes.com/news/116081.html, ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၄ ရက်၊ ၂၀၁၈ (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၇ ရက်၊ ၂၀၁၉)

[31] မေစစ်ပိုင်၊ Irrawaddy၊ ရဲတပ်ဖွဲ့ ၏ မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် စတင်၊ Available from: https://burma.irrawaddy.com/news/2016/05/06/113491.html၊ ထုတ်ဝေသည့်ရက် မေလ ၆ ရက်၊ ၂၀၁၆ (ကြည့်ရှုသည့်ရက် ဇူလိုင်လ ၂၆ ရက်၊ ၂၀၁၉)

[32] ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြေကြားချက်မှ ကောက်နုတ်ရရှိပါသည်။ available from: https://www.pyithuhluttaw.gov.mm/question-462

လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်း၊ လမ်းမီးများကောင်းစွာ ပြုပြင်ထားခြင်း၊ မသမာသူတို့ခိုအောင်းစရာနေရာများ မရှိအောင် ပိတ်ဆို့တားဆီးထားခြင်း)၊ မိမိတို့နေထိုင်ရာ အိမ်ရာအလိုက်၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက် အပြန်အလှန်စောင့်ရှောက်ကြည့်ရှုပေးခြင်း၊ ရဲတပ်ဖွဲ့၏စောင့်ရှောက်မှုကို ခံယူခြင်းနှင့် ရဲလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီခြင်း၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်သို့ ဝင်ရောက်လာသည့် မသင်္ကာဖွယ်သူစိမ်းများကို မှတ်သားခြင်းစသည့် အလေ့အထများ လေ့ကျင့်ဆောင်ရွက်ခြင်းများပါဝင်ပါသည်။[33] မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့များတွင် Command Center များ တည်ဆောက်ပြီး Hot Line ဖုန်းများ၊ CCTV နှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားရှိပါသည်။ ထို့အပြင် ၂၄ နာရီ တာဝန်ချထားပြီး ပြည်သူလူထု၏သတင်းပေးမှုများကို ချက်ချင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ မှုခင်းများ စစ်ဆေးစီရင်ရာ၌လည်း သိပ္ပံနည်းကျ စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် မှုခင်းဆိုင်ရာ DNA ဌာနအသစ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်က တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။[34] လက်ရှိတွင် ရန်ကုန်မြို့တွင်းလုံခြုံရေးနှင့် မှုခင်းဖြစ်ပွားမှုများကို စီစီတီဗွီထိန်းချုပ်စင်တာမှ တဆင့်စောင့်ကြည့်ထိန်းချုပ်လျက်ရှိပြီး ရန်ကုန်မြို့တွင်း လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့သုံး မော်တော်ယာဉ်များတွင် ဂျီပီအက်စ်စနစ်ကို စတင်တပ်ဆင် အသုံးပြုလျက်ရှိပါသည်။ ၎င်းအပြင် မှုခင်းသတင်းပေးပို့ချက်နှင့်

[33] ပြန်ကြားရေးဝန်ကြီးဌာန၊ ရပ်ရွာလူမှုအခြေပြု၍ မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်available from: https://www.moi.gov.mm/npe/?q=editor-remark/29/04/2016/id-41045, ထုတ်ဝေသည့်ရက် ဧပြီလ ၂၉ ရက်၊ ၂၀၁၆ ( ကြည့်ရှုသည့်ရက် ဇူလိုင်လ ၂၆ ရက်၊ ၂၀၁၉)

[34] ကြေးမုံ၊ နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် တတိယ (၁) နှစ်တာ၊ အထူးကဏ္ဍ (ခ) မှ ကောက်နုတ်ရရှိပါသည်။ ထုတ်ဝေသည့်ရက် ဧပြီလ ၂၅ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်)

မှုခင်းဖြစ်ပွားရာနေရာများကို အမြန်ဆုံးသွားရောက် ကာကွယ်တားဆီးရန် ဂျီပီအက်စ် စနစ်သုံးပြီး ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။[35]

**(စ) အကူအညီအထောက်အပံ့ကိရိယာများ။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့သည် မှုခင်းစုံစမ်းစစ်ဆေးခြင်းအတွက် တိကျသော အဖြေများရရှိစေရန် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများကိုလည်း စဉ်ဆက်မပြတ် ဖြည့်တင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၊ ပေါက်ကွဲယမ်းပစ္စည်းများ၊ သေးငယ်သောပစ္စည်းများ၊ ငွေအတုစသည်တို့ကို စစ်ဆေးနိုင်သော စက်များအပါအဝင် Computer Forensic ၊ Network Forensic ၊ Video Forensic စသောအမျိုးအစား ခုနစ်မျိုး စုစုပေါင်း ၁၀ လုံးကိုလည်း ဝယ်ယူဖြည့်တင်းထားရှိလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း လက်ဗွေရာစနစ်၊ Social Forensic ၊ ပုံရိပ်ကို လျင်မြန်စွာဖော်ထုတ်နိုင်သော Protable X-Ray စက်၊ Hand Held Explosive Sniffer ၊ Drone ပျံသန်းမှုကို ရပ်တန့်နိုင်သော Skynet Anti-Drone System ၊ Video Pole Camera ၊ Bullet Catcher Collection Chamber တို့ကိုလည်း ဝယ်ယူဖြည့်တင်းပေးခဲ့ပါသည်။[36]

**(ဆ) နိုင်ငံတကာရဲတပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်မှု။** နိုင်ငံဖြတ်ကျော်မှုခင်းများအတွက် နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများ၊ မှောင်ခိုရွှေ့ပြောင်းသွားလာသော မှုခင်းများနှင့် အခြားသောမှုခင်းများကို ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol)၊ အာဆီယံရဲအဖွဲ့ (Aseanapol)၊ ဥရောပရဲအဖွဲ့ (Europol)၊ နိုင်ငံအလိုက် ရဲအဖွဲ့များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။[37]

---

[35] ဇော်ဇော်ထွေး၊ ရန်ကုန်မြို့တွင်း လုံခြုံရေးနည်းပညာ အသုံးချဆောင်ရွက်နေ၊ မြန်မာတိုင်းမ်၊ available from: https://myanmar.mmtimes.com/news/124279.html, ထုတ်ဝေသည့်ရက် ဇွန်လ ၁၃ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဇန်နဝါရီလ ၁၄ ရက်၊ ၂၀၂၀ ခုနှစ်)

[36] available from: https://pyithu.hluttaw.mm/question-103 ပြည်သူ့လွှတ်တော် လွှတ်တော်တွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားချက်မှ ကောက်နုတ်ရရှိပါသည်။

[37] ကြေးမုံ၊ နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် တတိယ (၁) နှစ်တာ၊ အထူးကဏ္ဍ (ခ) မှ ကောက်နုတ်ရရှိပါသည်။ ထုတ်ဝေသည့်ရက် ဧပြီလ ၂၅ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်)

## စိန်ခေါ်မှုများ

၁၉။ မှုခင်းကြိုတင်ကာကွယ်နိုင်မှု အားနည်းချက်များသည် မှုခင်းကျူးလွန်သူများကို အတင့်ရဲစေသည့် အကြောင်းရင်းများထဲ၌ တစ်ခုအပါအဝင်ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ရဲတပ်ဖွဲ့အင်အားသည် သုံးပုံတစ်ပုံခန့်သာရှိနေပါသည်။[38] သို့ဖြစ်ပါ၍ ရဲတပ်ဖွဲ့ဝင်အင်အားလုံလောက်စွာ မရှိခြင်းသည် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှု မရှိသည့်အတွက် စိန်ခေါ်မှုများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။[39]

၂၀။ ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ထားသော အချက်အလက်များအရ မှုခင်းအများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရဲနှင့်ပြည်သူအချိုးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁:၁၂၄၁၊ ဧရာဝတီတိုင်းဒေသကြီး တွင် ၁:၁၃၀၈၊ ပဲခူးတိုင်းဒေသကြီးတွင် ၁:၉၃၄၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁:၁၅၄၉ ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁:၁၃၁၇ ခန့်ရှိပြီး မှုခင်းဖြစ်ပွားမှုများသည် တိုင်းဒေသကြီးများတွင် လူဦးရေသိပ်သည်းပြီး ရဲတပ်ဖွဲ့ဝင်အင်အားနည်းပါးမှုသည် မှုခင်းများ ပိုမိုဖြစ်ပွားရသည့် အကြောင်းရင်းတွင် အချက်တစ်ချက်အဖြစ် ပါဝင်နေပါသည်။[40] ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော အချက်အလက်များအရ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရဲနှင့်ပြည်သူအချိုးမှာ ၁:၆၄၃ ဦးရှိနေပြီး လူသတ်မှု၊ ဓါးပြမှုနှင့် ပြန်ပေးဆွဲမှုများမှာလည်း ယခင်နှစ်ထက် ပိုမိုများပြားလာခဲ့ပါသည်။ အချို့လူနေထူထပ်သည့် တိုင်းဒေသကြီးများတွင် ရဲနှင့်ပြည်သူအချိုးမှာ ၁:၁၀၇၈ ဦးခန့်ရှိသည်ကို တွေ့ရှိရပါသည်။[41]

## အမြင်များ၊ အယူအဆများနှင့် သုံးသပ်ချက်များ

၂၁။ ဒုတိယသမ္မတဦးမြင့်ဆွေက "အကြမ်းဖက်မှုများအပါအဝင် မှုခင်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းရာတွင် လူမှုရေးပြဿနာ၊ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ၊ စီးပွားရေး

[38] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ) ဒေါ်ခင်နှင်းသစ် (ပန်းတောင်း မဲဆန္ဒနယ်) မှ တင်သွင်းထားသည့် အဆိုမှ ကောက်နုတ်ရရှိပါသည်။

[39] ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ဩဂုတ်လ (၁၇) ရက်နေ့က ကျင်းပသည့် အစည်းအဝေးတွင် ဆွေးနွေးသည့် မှုခင်းများနည်းပါးအောင် မဖြစ်မနေ လုပ်ဆောင်ဖို့ အစိုးရကို တိုက်တွန်းသည့် အဆိုတစ်ခု၌ ကိုယ်စားလှယ်များဆွေးနွေးမှုမှ ကောက်နုတ်ရရှိပါသည်။ ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

[40] ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေးကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ရေးကိုလည်း အထူးအလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိ၊ available from: https://www.moi.gov.mm/?q=news/17/08/2016/id-11037, ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

[41] စွမ်းရဲထွဋ်၊ ရဲတစ်ဦးလျှင် ပြည်သူ ၆၀၀ ကျော်ကို တာဝန်ယူနေရ လူသတ်မှု၊ ဓါးပြမှု၊ ပြန်ပေးဆွဲမှုနှင့် လက်နက်မှုများ ယခင်နှစ်ထက်တိုးလာ၊ available from: https://myanmar.mmtimes.com/news/131587.html, ထုတ်ဝေသည့်ရက် နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဇန်နဝါရီလ ၁၄ ရက်၊ ၂၀၂၀ ခုနှစ်)

ဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နီးကပ်ဆက်နွှယ်နေသည့်အတွက် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့်တရားစီရင်ရေးစနစ်တို့အပေါ်တွင်သာ မှီခိုအားထားခြင်းမပြုဘဲ ရဲတပ်ဖွဲ့နှင့်တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နေရာချထားရေးနှင့် အလုပ်အကိုင်ရှာဖွေရေးကဏ္ဍများ၊ မီဒီယာ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူထု၊ လူတန်းစားအဖွဲ့အစည်းများကလည်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးသည် အထူးအရေးကြီးပါသည်။ ထို့အပြင် လက်ရှိရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်သည့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များတွင် လုပ်ငန်းစီမံချက်များရေးဆွဲကာ ဟန်ချက်ညီစွာဖြင့် အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း" (၅၃) ကြိမ်မြောက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား၌ ပြောကြားခဲ့ပါသည်။[42]

၂၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကယုံကြည်ကိုးစားရသည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် အလွန်ပင်အရေးကြီးကြောင်းနှင့် ပြည်သူမှရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ကို စိုးရွံ့နေမည်ဆိုပါက ရဲနှင့်ပြည်သူအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။ ထို့အပြင် ရဲတပ်ဖွဲ့အတွင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အရင်းအမြစ်များနည်းပါးကာ မှုခင်းများစုံစမ်းထောက်လှမ်းရာ၌ ကျွမ်းကျင်နှံ့စပ်ရန်အတွက် သင်တန်းများလိုအပ်နေပါကြောင်း" တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် ပြောကြားခဲ့ပါသည်။[43]

၂၃။ နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်က "နိုင်ငံတကာနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ မှုခင်းတစ်ခုသည် ကျူးလွန်သူ၊

[42] နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား၊ available from: http://www.president-office.gov.mm/?q=briefing-room/news/2017/10/02/id-12548, ထုတ်ဝေသည့်ရက် ဖေဖော်ဝါရီလ ၁၀ ရက်၊ ၂၀၁၇ (ကြည့်ရှုသည့်ရက် ဇူလိုင်လ ၂၅ ရက်၊ ၂၀၁၉)

[43] နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် ပြောကြားထားခြင်းမှ ကောက်နုတ်ရရှိပါသည်။ တရားမျှတမှုဖော်ဆောင်ရန် နှောင့်နှေးခြင်းသည် တရားမျှတမှုကို ငြင်းဆိုခြင်းဆိုသည့် ဆိုရိုးစကား၊ available from: https://yangonmedia.com/political/4027/, Yangon Media Group Limited၊ ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

ကျူးလွန်ခံရသူ၊ မှုခင်းကျူးလွန်နိုင်သည့်နေရာစသည့် အချက်သုံးချက်နှင့် ကိုက်ညီမှသာ မှုခင်းဖြစ်ပွားရခြင်းကြောင့် ယင်းအချက်သုံးခုမှ တစ်ခုကို ဖယ်ထုတ်နိုင်ပါက မှုခင်းဖြစ်ပွားမှုနှုန်း လျော့ကျလာမည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံအမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၀) ကို မြန်မာနိုင်ငံအစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ရာ ယင်းမဟာဗျူဟာ စီမံချက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် မှုခင်းပြဿနာများ လျော့ကျလာနိုင်မည်ဟု ယုံကြည်ကြောင်း" ပြောကြားထားပါသည်။[44]

၂၄။ ဥပဒေအကြံပေး ဦးတင်သန်းဦးက "တရားဥပဒေစိုးမိုးမှု အခြေအနေသည် မှုခင်းများ၊ ဒုစရိုက်မှုများပြားခြင်း၊ နည်းပါးခြင်းနှင့် ဆက်စပ်မှုရှိပါသည်။ အထူးသဖြင့် ဒုစရိုက်မှုခင်းကြီးများနှင့် ဒုစရိုက်မှုခင်းလေးများ များလာခြင်းသည် လူတို့၏စားဝတ်နေရေး ကျပ်တည်းလာရခြင်း၊ ဝင်ငွေကျပ်တည်းလာခြင်းများကြောင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး ငွေကြေးလိမ်လည်မှုများ ပိုများလာခြင်းများဖြစ်ရပါသည်။ ပြစ်မှု၊ ပြစ်ဒဏ်အတိုင်း အမှန်တကယ် ပြစ်ဒဏ်စီရင်ပါက ပြစ်မှုကျူးလွန်ရန် ကြံစည်သူများ ကြောက်လန့်လာပြီး မှုခင်းဖြစ်ပွားမှုများ လျော့နည်းလာမည်ဟု အများကလက်ခံယုံကြည်ကြပါသည်။ ပြစ်မှု၊ ပြစ်ဒဏ်ကို စီရင်ဆုံးဖြတ်သည့် တရားရုံးများအနေဖြင့်လည်း အမှုကိုမြန်ဆန်အောင် စစ်ဆေးကာ ဥပဒေအတိုင်း စီရင်ဆောင်ရွက်သင့်ပြီး သေဒဏ်ထိုက်သည့်ပြစ်မှုများ ကျူးလွန်သူများကိုလည်း အများမြင်သာမှုရှိစေရန် ထိထိရောက်ရောက် ပြစ်ဒဏ်ချမှတ်သင့်သည်" ဟု ဆိုထားပါသည်။[45]

၂၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးက "တရားဥပဒေစိုးမိုးရေးတာဝန်ကို အဓိကထမ်းဆောင်နေသူများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း အပါအဝင်ဖြစ်သောကြောင့် ရဲတပ်ဖွဲ့ တောင့်တင်းခိုင်မာရန်၊ ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို တားဆီးကာကွယ်ရန်အတွက် ရဲတပ်ဖွဲ့တွင် လုံလောက်သည့် ရဲ့တပ်ဖွဲ့ဝင်အင်အားရှိရန်နှင့် ရဲတပ်ဖွဲ့ဝင်အားလုံး အရည်အချင်းရှိရန်လည်း လိုအပ်သောကြောင့် အရည်အချင်းပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်အင်အားကို မည်သို့ဖြည့်တင်းမည်ကို

[44] မြန်မာနိုင်ငံရဲတပ်ဖွဲ့နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်ပြောကြား၊ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (မှုကြမ်း) အား အတည်ပြုနိုင်ခဲ့ခြင်းကြောင့် မကြာမီ နိုင်ငံတော်အဆင့် တင်ပြမည် available from: https://news-eleven.com/news/83869 & https://www.moi.gov.mm/?q=news/16/05/2019/id-26032 ထုတ်ဝေသည့်ရက် စက်တင်ဘာလ ၂၅ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၉ ရက်၊ ၂၀၁၉ ခုနှစ်)

[45] ဥပဒေအကြံပေး ဦးတင်သန်းဦးကပြောကြားထား၊ မြန်မာပြည်မှာ တရားဥပဒေစိုးမိုးမှု ရှိလာပြီလား၊ Opinion Leaders, available from: https://tinyurl.com/ttlu5qa (ကြည့်ရှုသည့်ရက် ဒီဇင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်)

အဓိကစဉ်းစားရန် လိုအပ်ပါသည်။ ထို့အပြင် ရာဇဝတ်မှုများဖြစ်ပွားနေမှုကို တားဆီးကာကွယ်နိုင်ရန်အတွက် လုံလောက်သည့် ရဲတပ်ဖွဲ့အင်အားရှိရန် လိုအပ်သောကြောင့် လူငယ်များကို ယာယီရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုရန် စဉ်းစားသင့်ကြောင်း” ပြောကြားထားပါသည်။[46]

၂၆။ ဒုတိယသသမ္မတဦးဟင်နရီဗန်ထီးယူနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က “ပြည်ပသို့သွားရောက်သည့် အလုပ်လုပ်ကိုင်မှုများ လျော့နည်းစေရန်၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် စီးပွားရေးလုပ်ငန်းအသီးသီးက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်ပြီး အလုပ်အကိုင်များရရှိရေးနှင့် ထိုက်တန်သော လုပ်ခလစာများ ရရှိရေးတို့ကို စီမံဆောင်ရွက်ပေးကြရန်လိုအပ်ပါသည်။[47] ထို့အပြင် လုံခြုံရေးနှင့် မှုခင်းကျူးလွန်မှုများအတွက် နိုင်ငံတကာနည်းတူစောင့်ကြည့်ထိန်းချုပ်သည့် နည်းပညာအသုံးပြုနိုင်မှသာ တိကျသည့် မှုခင်းဖော်ထုတ်မှုများနှင့် မှုခင်းဖြစ်ပွားမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်မည်”ဟု ပြောကြားထားပါသည်။[48]

## အိန္ဒိယနိုင်ငံ၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံ

၂၇။ အိန္ဒိယနိုင်ငံတွင် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးကောင်စီကို ၁၉၃၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ထောင်တွင်းအကျဉ်းချခံထားရသော အကျဉ်းသားများအား ပြန်လည်ထူထောင်ရန်အတွက် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ခရိုင်မှုခင်းကာကွယ်ရေးကောင်စီ၏ အဓိကရည်ရွယ်ချက်မှာ ရာဇဝတ်မှုများကို ဆန့်ကျင်တိုက်ဖျက်ရန်၊ မိမိတို့၏လုပ်ရပ်များကို ဝန်ခံလေ့ရှိသော အလေ့အကျင့်များရှိတတ်ကြရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ကောင်းမွန်သော ဝန်းကျင်ကောင်းတစ်ခုဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ထို့အပြင် ရာဇဝတ်မှုများကို ၎င်းတို့ကိုယ်တိုင်ကျူးလွန်ရမည်ကို ကြောက်ရွံ့ပြီး မုန်းတီးသွားစေရေးအတွက်လည်း ရည်ရွယ်ပါသည်။ Panchayat Policing System စနစ်သည် နိုင်ငံအတွင်း နေထိုင်သော ပြည်သူ

[46] ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး (ချောက်မဲဆန္ဒနယ်) မှပြောကြား၊ လူငယ်များကို ယာယီရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုရန် စဉ်းစားသင့်၊ available from: http://sdtimedaily.com/2019/03/14/kp14–30/, ထုတ်ဝေသည့်ရက် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၂၀ ခုနှစ်)

[47] ၁ နှစ်အတွင်း လူကုန်ကူးတရားခံ ၅၀၀ ခန့် ဖမ်းဆီးမိဟု ဒုသမ္မတပြော၊ available from: https://news.ydnp.net/293059/, ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

[48] ပြည်သူက ရဲတပ်ဖွဲ့ကို ကြောက်နေခြင်းမဟုတ်ဘဲ အားကိုးတန်ဖိုးထားအောင် လုပ်ရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ရဲချုပ်နှင့်ရဲတပ်ဖွဲ့ကို ခေါ်ပြော၊ available from: https://tipsmyanmarnews.com/?p=152, ထုတ်ဝေသည့်ရက် ဒီဇင်ဘာလ ၁၉ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၂၀ ခုနှစ်)

များကို ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်မှုများ ဖန်တီးပေးထားပြီး ရဲများအပေါ်တွင် ယုံကြည်မှုများ အားနည်းခြင်းသည်လည်း ရာဇဝတ်မှုတိုးပွားလာမှုအတွက် အဓိက အချက်တစ်ခု လည်းဖြစ်ပါသည်။ ဆင်းရဲသားရပ်ကွက်တွင် နေထိုင်ကြသော ပြည်သူများသည် စီမံချက်များ ချမှတ်ထားသော ရပ်ကွက်တွင်နေထိုင်သော ပြည်သူများထက် လုံခြုံမှုနှင့်ကြိုတင်ကာကွယ်မှုပိုင်း အားနည်းပြီး အန္တရာယ်ပိုမိုကျရောက်နိုင်ဖွယ်ရှိပါသည်။ ဆင်းရဲသားရပ်ကွက်များရှိ ရဲစခန်းများတွင် ဒေသခံအမျိုးသမီးများကို အလုပ်လုပ်ရန် လေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ပြည်သူလူထုနှင့်ရဲတပ်ဖွဲ့ဝင်များအကြား နားလည်မှုများ ဖန်တီးပေးပြီး ရဲတပ်ဖွဲ့ဝင် များအပေါ် ယုံကြည်မှုများ ပိုမိုအားကောင်းလာစေရေးအတွက်လည်း ပြုလုပ်ပေးကြပါသည်။[49]

## ဗီယက်နမ်နိုင်ငံ၏မှုခင်းတားဆီးနှိမ်နင်းမှုပုံစံ

၂၈။ ဗီယက်နမ်နိုင်ငံတွင် မှုခင်းဖြစ်ပွားမှု နည်းပါးလေ့ရှိပြီး ဗီယက်နမ်လူမျိုးများသည် တရား ဥပဒေကို လေးစားလိုက်နာကြသူများ ဖြစ်ပါသည်။ သေးငယ်သော ပြစ်မှု၊ ခိုးမှု၊ ဓါးပြမှုများသာရှိ ကြပါသည်။ အရှေ့တောင်အာရှတွင် မှုခင်းဖြစ်ပွားမှု အနည်းဆုံးဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ရာဇဝတ်မှုများစွာရှိသော်လည်း ခရီးသွားဧည့်သည်များအတွက် လုံခြုံမှုရှိစေပါ သည်။ အာရှနိုင်ငံများရှိ အခြားသောမြို့များနှင့် နှိုင်းယှဉ်ပါက ရာဇဝတ်မှုအဆင့်နည်းပါးလျက် ရှိပါသည်။ ဗီယက်နမ်နိုင်ငံ၌ မှုခင်းဖြစ်ပွားပါက အရေးပေါ် Hot Line ဖုန်းနံပါတ်များကို ခေါ်ဆို နိုင်ရေးအတွက် ပြုလုပ်ထားကြပါသည်။ ထို့အပြင် အော်ပရေတာဖြေကြားသည့်သူများမှာလည်း အင်္ဂလိပ်စာဘာသာစကားအနည်းငယ်ပြောတတ်ကြပါသည်။ အခြေအနေပေါ်မူတည်၍ ဒေသခံ နိုင်ငံသားများအနေဖြင့်လည်း ရဲ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ အာဏာပိုင်များကို ချိတ်ဆက်ပြီး ခရီးသွားဧည့်သည်များအား ကူညီမှုများပြုလုပ်ပေးလျက်ရှိပါသည်။ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်အောက်တွင် ပြည်သူလူထုဆိုင်ရာလုံခြုံရေးဌာနဟူ၍ ရှိပါသည်။ ယင်းဌာနကို ပြည်သူ့ လုံခြုံရေးဌာနခွဲ (People’s Security) နှင့် ပြည်သူ့ရဲ (People’s Police) ဟူ၍ နှစ်မျိုးခွဲခြား ထားပါသည်။ လုံခြုံရေးဌာနခွဲအနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ ပြည်တွင်းလုံခြုံရေး၊ နယ်နိမိတ်

---

[49] Crime Prevention, available from: https://www.slideshare.net/KakaliRoy2/crime-prevention-59265891 (ကြည့်ရှုသည့်ရက် နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၉)

ရေးရာနှင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် နိုင်ငံ၏အခြားလုံခြုံရေးကဏ္ဍများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ရဲဌာနခွဲအနေဖြင့် ရာဇဝတ်မှုများ တားဆီးခြင်း၊ စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လူထုအခြေပြုကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။[50]

**နိဂုံး**

၂၉။ မူခင်းဖြစ်ပွားလာမှ အရေးယူခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသော စနစ်တစ်ခုဖြစ်ပါသည်။ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိရဲတပ်ဖွဲ့ဝင်များသာမက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ လူငယ်များ၊ ပြည်သူများပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိပါသည်။ မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များတွင် လုပ်ငန်းစီမံချက်များရေးဆွဲကာ ဟန်ချက်ညီစွာဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရေးအတွက် ရေးသားပြုစုတင်ပြအပ်ပါသည်။

***ဤစာတမ်းတိုအား ဒေါ်အကယ်ဒမီလင်း (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။***

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

[50]OSAC, Vietnam 2019 Crime & Safety Report: Ho Chi Minh City, available from: https://www.osac.gov/Country/Vietnam/Content/Detail/Report/7c3d6679-458a-42c1-94fd-15f4aec63341

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင်သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက်သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅